# နယ်စပ်အခြေစိုက် လူထုအကျိုးပြုအဖွဲ့အစည်းများ၏ စီစဉ်မှုဖြင့် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (NCCT) နှင့် တွေ့ဆုံဆွေးနွေးမှု ထုတ်ပြန်ချက်

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်

၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၂၂ - ၂၃ ရက်နေ့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ပညာရေး၊ ကျန်းမာရေး၊ သတင်းဌာန၊ ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေး၊ ဒုက္ခသည် ကော်မတီ၊ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးရေးနှင့် လူ့အခွင့်အရေး လှုပ်ရှားဆောင်ရွက်နေသည့် နယ်စပ်အခြေစိုက် လူထုအကျိုးပြု အဖွဲ့အစည်းပေါင်း ၂၅ ဖွဲ့တို့မှ ကိုယ်စားလှယ် ၄၂ ဦး တို့သည် တစုတစည်းတည်းဖြစ် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး အဖွဲ့ (NCCT) မှ ကိုယ်စားလှယ်တို့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည်။

နှစ်ရက်တာဆွေးနွေးပွဲမှ ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အမျိုးသမီးများ ပါဝင်မှုအခန်းကဏ္ဍ၊ လူထုအကျိုးပြုအဖွဲ့အစည်းများ နှင့် သတင်းမီဒီယာများ၏ကဏ္ဍ၊ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ လူ့အခွင့်အရေးနှင့် တရားမျှတမှု ကဏ္ဍတို့ကို ဆွေးနွေးခဲ့ပြီး ထွက်ရှိလာသည့် အကြံပြုချက်များကို NCCT နှင့် တွေ့ဆုံဆွေးနွေး တင်ပြနိုင်ခဲ့ပါသည်။

အဓိကအကြံပြုချက်များအဖြစ် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများနှင့် လူထုအကျိုးပြုအဖွဲ့အစည်းများမှ ပိုမိုပါဝင်နိုင်ခွင့်၊ လူ့အခွင့်အရေးနှင့် အပစ်အခတ်ရပ်စဲရေး ကိစ္စများအား လွတ်လပ်စွာ စောင့်ကြည့်လေ့လာနိုင်ရေး၊ စစ်မှန်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု မရရှိသေးသည့်ကာလအတွင်း သယံဇာတတူးဖော်ရေးလုပ်ငန်းများနှင့် အကြီးစားစီမံကိန်းများ ရပ်ဆိုင်းထားရန်။ မူးယစ်ဆေးဝါးစိုက်ပျိုး၊ ရောင်းဝယ်ဖောက်ကားခြင်းများ ရပ်တန့်ရေးနှင့် အခြားတရားမဝင်စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ပတ်သက် နေသူများအား ထိရောက်စွာ အရေးယူသွားနိုင်ရေးအတွက် အစိုးရနှင့်ဆွေးနွေးသွားရန်၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ (Transitional Justice) နှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်း နေထိုင်ရသူများအား နိုင်ငံတကာစံချိန်စံနှုန်းအတိုင်း ပြန်လည်အခြေချနေထိုင်ရေးတို့ကို ထည့်သွင်းဆွေးနွေးရန် အကြံပြု နိုင်ခဲ့သည်။

NCCT မှလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လုပ်ပိုင်ခွင့် အကန့်အသတ်နှင့် စိန်ခေါ်မှုများရှိနေခြင်း၊ အစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီနှင့် တပ်မတော်အကြား သဘောထားကွဲလွဲမှုရှိနေခြင်း၊ တပ်မတော်၏ သဘောထား တင်းမာမှုများရှိနေခြင်းကြောင့် တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် တမူ မူကြမ်း (single text) ဆွေးနွေးသည့် ၆ ကြိမ်မြောက်တွင် ရှေ့မတိုးနိုင်ဘဲ ရပ်တန့်နေသည့် အခက်အခဲများကို ဖလှယ်ဝေငှခဲ့သည်။

NCCT ကိုယ်စားလှယ်ဘက်မှ နယ်စပ်အခြေစိုက် လူထုအကျိုးပြုအဖွဲ့အစည်းများ၏ တင်ပြချက်၊ အကြံပြုချက်များအပေါ် ကြိုဆိုလက်ခံခဲ့သည်။ ထို့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လူထုအကျိုးပြုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုနှင့် နိုင်ငံရေး ဆွေးနွေးမှုများအတွက် လိုအပ်သည့် အကြောင်းအရာအလိုက် ကဏ္ဍအသီးသီးတွင် အားဖြည့်ဝန်းရံမှုကိုလည်း ကြိုဆိုခဲ့ပြီး အကြံပြုချက်များအပေါ် ဆက်လက်ဆွေးနွေးသွားမည်ကိုလည်း သဘောထားပေးခဲ့သည်။

ထိုသို့ တွေ့ဆုံမှုသည် NCCT နှင့် နယ်စပ်အခြေစိုက် လူထုအကျိုးပြုအဖွဲ့အစည်းများ ပထဆုံးအကြိမ်တွေ့ဆုံခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး ပွင့်ပွင့်လင်းလင်း အပြန်အလှန် ဆွေးနွေးဖလှယ်နိုင်ခဲ့ပါသည်။

ယခုတွေ့ဆုံမှုမှ ရရှိလာသည့် ရလဒ်များမှတဆင့် အနာဂတ်တွင်လည်း ပိုမို အားကောင်း ကျယ်ပြန့်သော အမြင်သဘောထား ဖလှယ်မှုနှင့် တွေ့ဆုံမှုများလုပ်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါသည်။

**ဆက်သွယ်ရန်**
ဒေါ်တင်တင်ညို (အမျိုးသမီးများအဖွဲ့ချုပ် - မြန်မာနိုင်ငံ) - +၆၆ ၈၁ ၀၃၂၂ ၈၈၂
ဦးဟန်ကြီး (လူ့အခွင့်အရေးမှတ်တမ်းကွန်ယက် - မြန်မာနိုင်ငံ) - +၆၆ ၈၁ ၉၆၁၅ ၉၉၂